ဆင်နွှဲပျော်ရွှင် **10 GB Data** ကံစမ်းမဲအစီအစဥ် **အတွက် စည်းကမ်းချက်များ**

၁။ ဤ ဆင်နွှဲပျော်ရွှင် **10 GB Data** ကံစမ်းမဲအစီအစဥ် (“**အစီအစဥ်**”) တွင် MPT ဝန်ထမ်းများမှအပ MPT ဆင်းမ်ကတ်အား မှတ်ပုံတင်ပြီးအသုံးပြုလျက်ရှိသည့် မြန်မာနိုင်ငံသားတိုင်း ပါဝင်ဆောင်ရွက်နိုင်ပါသည်။ အစီအစဥ်အတွက် 10GB MPT data(“**ဆု**”) အား ဆုအဖြစ် ပေးအပ်သွားမည်ဖြစ်ပါသည်။

၂။ ဤအစီအစဥ်၏ သက်တမ်းကာလမှာ ၂၀၂၆ ခုနှစ် ၊ ဇွန်လ၊ (၁) ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ၊ (၃၁) ရက်နေ့အထိ (“**အစီအစဥ် သက်တမ်းကာလ**”) ဖြစ်ပါသည်။ အစီအစဥ်သက်တမ်းကာလအတွင်းရှိ နေ့ရက်တိုင်းကို အစီအစဥ်နေ့ရက် (“**အစီအစဥ်နေ့ရက်**”) အဖြစ်သတ်မှတ်သွားမည်ဖြစ်သည်။

၃။ ဤအစီအစဥ်တွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ပါဝင်ဆောင်ရွက်သူအနေဖြင့် အစီအစဥ်သက်တမ်းကာလအတွင်းရှိ နေ့ရက်တစ်ရက်ရက်တွင် Ringtune Package သို့မဟုတ် Note4U Package တစ်ခုခုကို ဝယ်ယူရမည်။

၄။ ပါဝင်ဆောင်ရွက်သူများအနေဖြင့် ဤအစီအစဥ်အတွက် ကံထူးရှင်များအား ရွေးချယ်ခြင်းမပြုမီ အပိုဒ် (၃) တွင် ဖော်ပြထားသည့် အချက်များအားလုံးကို လုပ်ဆောင်ထားရှိပြီးဖြစ်ရမည်။ အထက်ဖော်ပြပါအချက်များနှင့်ကိုက်ညီမှုမရှိပါက ပါဝင်ဆောင်ရွက်သူအား အစီအစဥ်အတွက် ထည့်သွင်းစဥ်းစားသွားမည်မဟုတ်ပါ။

၅။ အစီအစဥ်နှင့်စပ်လျဥ်း၍ ကံထူးရှင်ရွေးချယ်ရာ၌ MPT ၏ အဆုံးအဖြတ်သည် နောက်ဆုံးပိတ်အတည်ဖြစ်သည်ဟု မှတ်ယူရမည်။ MPT သည် လကုန်ရက်တိုင်း ပါဝင်ဆောင်ရွက်သူများအနက်မှ ကံထူးရှင်များကို ကျပန်းရွေးချယ်သွားမည်ဖြစ်ပါသည်။ Ringtune အသုံးပြုသူများထဲမှ (၃) ဦးနှင့် Note4U အသုံးပြုသူများထဲမှ (၃) ဦး၊ စုစုပေါင်း တစ်လလျှင် ကံထူးရှင် (၆) ဦး ရွေးချယ်မည်ဖြစ်ပြီး၊ ရွေးချယ်ပြီးနောက်တွင် ဆုချီးမြှင့်မှုများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၆။ လစဉ် ကံထူးရှင်များကို 10GB MPT Data ဆုလက်ဆောင်နှင့် ပတ်သက်၍ Ringtune ဝန်ဆောင်မှုမှ ကံထူးရှင် ၃ယောက်ကို နံပါတ် ၇၉၇၉ မှတစ်ဆင့်၊ Note4U ဝန်ဆောင်မှုမှ ကံထူးရှင် ၃ယောက်ကို နံပါတ် ၇၈၇၈ မှတစ်ဆင့် SMS ပေးပို့ အကြောင်းကြားပေးသွားမည် ဖြစ်ပါသည်။ SMS ပေးပို့ပြီးနောက် (၂၄) နာရီအတွင်း အဆိုပါ 10GB Data ကို ကံထူးရှင်၏ ဖုန်းနံပါတ်ထဲသို့ MPT မှ တိုက်ရိုက် ထည့်သွင်းပေးသွားမည် ဖြစ်ပါသည်။

၇။ MPT အနေဖြင့် ဤအစီအစဥ်အား မည်သို့သောအကြောင်းကြောင့်မဆို အချိန်မရွေး အသိပေးအကြောင်းကြားခြင်းမပြုဘဲ ရပ်ဆိုင်းထားခြင်း (သို့မဟုတ်) ပယ်ဖျက်ခြင်း ပြုလုပ်နိုင်ပါသည်။

၈။ ဆုအား သတ်မှတ်ထားသည့်အတိုင်း ထုတ်ယူရမည်ဖြစ်ပြီး ဆုအား သတ်မှတ်ထားသည့်အတိုင်း အသုံးပြုနိုင်ခြင်းမရှိသည့် ကံထူးရှင်အား မည်သို့သောပေးလျော်မှုကိုမျှ ဆောင်ရွက်ပေးသွားမည်မဟုတ်ပါ။ ဆုများအား တစ်ခုခုဖြင့် လဲလှယ်ရယူခွင့် မရှိသလို ငွေသားဖြင့်လည်း လဲလှယ်ထုတ်ယူခွင့်မရှိပါ။

၉။ ဤအစီအစဥ်နှင့်စပ်လျဥ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါက MPT ၏ အဆုံးအဖြတ်သည်သာလျှင် အပြီးအပြတ် အတည်ဖြစ်စေရမည်။

၁၀။ ဤအစီအစဉ်၏ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အင်္ဂလိပ်ဘာသာပါစာသားများနှင့် မြန်မာဘာသာပါစာသားများအကြား ကွဲလွဲမှုတစ်စုံတစ်ရာရှိပါက မြန်မာဘာသာပါစာသားများကသာလျှင် လွှမ်းမိုးအတည်ဖြစ်စေရမည်။